ဓမ္မဒူတ
ဒေါက်တာအရှင်ပညိဿရ
B.A(Myanmar), M.A (Srilanka), Ph.D (India)
သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊ သာသနဟိတဂဏဝါစက ဓမ္မာစရိယ
ဓမ္မကထိက ဗဟုဇနဟိတရေ မဟာဂန္ထဝါစကပဏ္ဍိတ

# ဘာအရေးကြီးဆုံးလဲ

ဖြန့်ချိရေး
**ဆုပြည့်စုံထွန်းစာပေ**
အမှတ် - ၅၀၈/၅၁၂။ (၂-ခ)၊ ပထမထပ်၊ (သရဖီကွန်ဒို)၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

# ဓမ္မဒူတ တရားတမန်

ဓမ္မဒူတ စာပို့ချ သင်ကြ ကျင့်ကြစေ။

ဓမ္မဒူတ စာရေးပြု ဖတ်ကြ ကျင့်ကြစေ။

ဓမ္မဒူတ ဟောဖော်ပြု နာကြ ကျင့်ကြစေ။

ဓမ္မဒူတ တရားပြု ကျင့်ကြ ကျိုးရစေ။



ဓမ္မဒူတ

# ဒေါက်တာအရှင်ပညိဿရ

B.A (Myanmar), M.A (SriLanka), Ph.D (India)

သာသနဓဇဓမ္မာစရိယ၊ သာသနဇောတိပါလဓမ္မာစရိယ၊သာသနဟိတဂဏဝါစကဓမ္မာစရိယ

ဓမ္မကထိက ဗဟုဇနဟိတဓရ၊ မဟာဂန္ထဝါစကပဏ္ဍိတ

# ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ
# ၏
# ထေရုပ္ပတ္တိအကျဉ်းချုပ်

- မွန်ပြည်နယ်၊ သထုံမြို့ ညောင်ပိုင်းရပ်နေ ဦးကျော်လှိုင် + ဒေါ်မြင့်ကြည်တို့မှ ၁၉၆၄ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ဖွားမြင်သည်။
- တောင်စွန်း ဓမ္မဒူတတောရကျောင်း ဆရာတော်ကြီးဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ကို ဥပဇ္ဈာယ်ပြုကာ ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။
- တောင်စွန်းဓမ္မဒူတတောရ၊ မန္တလေးမြို့မစိုးရိမ်တိုက်ဟောင်း၊ မစိုးရိမ်တိုက်သစ်၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၊ စစ်ကိုင်း

တောင်ရိုး သဒ္ဓမ္မသီတဂူကျောင်း တို့တွင်လည်း ကောင်း၊ သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ တွင်လည်းကောင်း ပညာသင်ယူခဲ့ပါသည်။

- သာသနဓဇ ဓမ္မာစရိယဘွဲ့၊
- သာသနဇောတိပါလ ဓမ္မာစရိယဘွဲ့၊
- သာသနဟိတ ဂဏဝါစက ဓမ္မာစရိယဘွဲ့၊
- B.A (Myanmar), M.A (SriLanka), Ph.D (India) ဘွဲ့ တို့ကို ရရှိခဲ့သည်။
- ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ ဆက်ကပ်သော မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တော်ကို ရရှိခဲ့သည်။
- ၂၀၁၀ ပြည့်နှစ်တွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတ အသင်းကြီးမှ ဆက်ကပ်သော အဘိဝံသဘွဲ့တော်ကို ရရှိခဲ့သည်။
- ၂၀၁၀ ပြည့်နှစ်တွင် နိုင်ငံတော်မှ ဆက်ကပ် သောဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တော်ကို ရရှိခဲ့သည်။
- ဓမ္မဒူတဆရာတော်ကြီး လွန်တော်မူသည့် ၁၉၉၇ခုနှစ်မှ ၂၀၀၅ခုနှစ်ထိတောင်စွန်းဓမ္မဒူတ

တောရကျောင်းတိုက် နာယကဆရာတော်အဖြစ် တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

- ၂၀၀၄ ခုနှစ်မှစတင်၍သထုံမြို့နယ်၊ကျိုက်ကော်ကျေးရွာတွင် ဓမ္မဒူတသုခိတာရုံကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်ကာ ပဓာနနာယကဆရာတော်အဖြစ်တာဝန်ယူဆောင်ရွက်သည်။
- ၂၀၀၅ ခုနှစ်မှ စတင်၍ ပဲခူးမြို့ ဆယ်မိုင်ကုန်းတွင် ဓမ္မဒူတတောရ သာသနာ့ရိပ်သာကို တည်ထောင်ဖွင့်လှစ်သည်။
- ၂၀၁၃ခုနှစ်မှစတင်၍ ကျိုက်ထိုမြို့တွင် ဓမ္မဒူတတောရသာသနာ့ရိပ်သာကိုတည်ထောင်ဖွင့်လှစ်သည်။
- ဓမ္မဒူတတောရ သာသနာ့ရိပ်သာများ၏ ပဓာနနာယကဆရာတော်အဖြစ်ဆောင်ရွက်ပြီး စာရေး၊စာချ၊ တရားဟော၊ တရားပြကာ သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

# ဘာအရေးကြီးဆုံးလဲ

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း (၁၀) ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၃) ရက်နေ့ ညတွင် ပဲခူးမြို့ ဓမ္မဒူတ တောရ သာသနာ့ရိပ်သာတွင် ကျင်းပအပ်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန် (၇) ရက် တရားကျင့်သုံးကြရာ၌ ဟောကြားအပ်သော ဘာအရေးကြီးဆုံးလဲ တရားတော်။

## သူများအရေးနဲ့ ကိုယ့်အရေး

လောကမှာ လူတိုင်းလူတိုင်းဟာ လူ့အရေး လူ့ကိစ္စတွေနဲ့ရှုပ်ထွေးနေကြတော့ဒီလောကထဲမှာရှိနေတဲ့ အရေးကိစ္စတွေကိုနှစ်မျိုးနှစ်စားခွဲခြားပြီးတော့ကြည့်ရင် ကိုယ့်အရေးနဲ့ သူများအရေးလို့ အရေးနှစ်မျိုး တွေ့ရပါလိမ့်မယ်။

တစ်နေ့တစ်နေ့ ကိစ္စတွေများတယ်။ အလုပ်တွေများကြတယ်။ ရှုပ်နေလုပ်နေကြတဲ့ အရေးကိစ္စတွေအားလုံး ချုံ့ကြည့်လိုက်ရင် သူများအရေးနဲ့ ကိုယ့်အရေးနှစ်မျိုးပါပဲ။

အကျယ်အားဖြင့် ပြောမယ်ဆိုရင် သားရေး သမီးရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊